# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၅-၂-၂၀၂၁) ရက်နေ့ ည (၈:၀၀)နာရီ

(၄-၂-၂၀၂၁)ရက်နေ့ ည (၈:၀၀)နာရီမှ (၅-၂-၂၀၂၁)ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၈၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၀၀) ဦး တွေ့ရှိရပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၂-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၃၅၆) ခု | (၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၂၈၄) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၄) ခု | (၁၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၅၇) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၃၆၆) ခု | (၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၄၁၃) ခု | (၁၁) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၄၆) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၄၂၆) ခု | (၁၃၂) ဦး |
| **စုစုပေါင်း** | **(၁၁,၈၃၃) ခု** | **(၂၀၀) ဦး** |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၇-၁-၂၁ | ၂၈-၁-၂၁ | ၂၉-၁-၂၁ | ၃၀-၁-၂၁ | ၃၁-၁-၂၁ | ၁-၂-၂၁ | ၂-၂-၂၁ | ၃-၂-၂၁ | ၄-၂-၂၁ | ၅-၂-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၆,၅၅၆ | ၁၆,၃၇၈ | ၁၈,၂၇၁ | ၁၆,၃၂၅ | ၁၆၂၇၉ | ၉,၀၁၉ | ၁၂,၃၇၇ | ၁၁,၁၉၆ | ၁၃,၈၄၆ | ၁၁,၈၃၃ |
| ပိုးတွေ့လူနာ | ၄၃၄ | ၃၅၀ | ၃၆၃ | ၃၄၉ | ၂၈၁ | ၂၀၉ | ၃၁၀ | ၂၆၃ | ၁၇၇ | ၂၀၀ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၆ | ၂.၁ | ၂.၀ | ၂.၁ | ၁.၇ | ၂.၃ | ၂.၅ | ၂.၄ | ၁.၃ | ၁.၇ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌ လည်း မူတည်နေပါသည်။

(၂၇-၁-၂၀၂၁)ရက်နေ့မှ (၅-၂-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲ နမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၄,၂၀၈) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစု စီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေး ခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
## (၅-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၁,၈၃၃) ဦး | (၂,၄၄၈,၆၁၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၀၀) ဦး | (၁၄၁,၃၀၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၃၆၀) ဦး | (၁၂၇,၂၂၉) ဦး |
| သေဆုံးလူနာ | (၅) ဦး | (၃,၁၆၈) ဦး |

- ယနေ့ သေဆုံးသူ (၅) ဦးသည် ရောဂါအခံရှိသူများဖြစ်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၃၆၀) ဦးတွင် -
    - ဆေးရုံများ - (၂၈၂) ဦး
    - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၈) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ အနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သူများအား နေအိမ်များတွင် ဆက်လက်၍ အသွား အလာကန့်သတ်ထားရှိပါသည်။